# ပြည်ထောင်စုတရားလွှတ်တော်ချုပ်

## ၂၀၁၇ ခုနှစ် တရားမအယူခံမှုအမှတ် ၃၁၆ ၊ ၃၅၅

ပဲခူးတိုင်းဒေသကြီးတရားလွှတ်တော်၏၂၀၁၃ခုနှစ် ၊တရားမကြီးမှုအမှတ် ၄ တွင် ချမှတ်သည့်၂၀၁၇ခုနှစ်၊ မေ လ ၁၂ ရက်စွဲပါ စီရင်ချက် နှင့် ပဏ္ဏာမဒီကရီအပေါ် အယူခံမှုများ

| | | |
|---|---|---|
| ဦးဝင်းမြင့် | နှင့် | ဒေါ်စိုးမမမင်း |
| ဒေါ်စိုးမမမင်း | နှင့် | ဦးဝင်းမြင့် |
| **အယူခံတရားလို** | | **အယူခံတရားပြိုင်** |

အယူခံတရားလိုအတွက် - ဦးရဲနောင် ၊ တရားလွှတ်တော်ရှေ့နေ
အယူခံတရားပြိုင်အတွက်- ဦးရောဘတ်စန်းအောင်၊ တရားလွှတ်တော်ရှေ့နေ

---

အယူခံတရားလိုအတွက်- ဦးရောဘတ်စန်းအောင်၊ တရားလွှတ်တော်ရှေ့နေ
အယူခံတရားပြိုင်အတွက်- ဦးရဲနောင် ၊ တရားလွှတ်တော်ရှေ့နေ

## စီရင်ချက်

ရက်စွဲ၊၂၀၁၈ခုနှစ်၊ မေ လ ၁၁ ရက်

ပဲခူးတိုင်းဒေသကြီးတရားလွှတ်တော်၏ ၂၀၁၃ခုနှစ်၊ တရားမကြီးမှုအမှတ် ၄ တွင် ဒေါ်စိုးမမမင်းက ဦးဝင်းမြင့်အပေါ် ပြည်မြို့၊ အမှတ် ၆ ဆံတော်ရပ်ကွက်၊ ကမ်းနားလမ်းရှိ PYAY STRAND HOTEL နှင့် မူယာပင်အနောက်ရပ်ကွက်၊ ကျွန်းတောရှိ HAPPY PALACE KTV တို့နှင့်ပတ်သက်၍တိကျခိုင်လုံသောစာရင်းဇယားဖြင့် ငွေကျပသိန်းပေါင်းနှစ်သောင်းတိတိကိုပေးအပ်သည့်နေ့အထိ ဘဏ်အတိုး နှင့် တကွ စာရင်းရှင်းလင်းခွဲဝေပေးစေလိုကြောင်း စွဲဆိုရာ တရားပြိုင်ဦးဝင်းမြင့်သည် တရားလိုဒေါ်စိုးမမမင်းအား PYAY STRAND HOTEL နှင့် ပတ်သက်သည့် စာရင်းများကို ရှင်းလင်းတင်ပြရန်တာဝန်ရှိသဖြင့် PYAY STRAND HOTEL နှင့် ပတ်သက်သည့် စာရင်းများကို စီရင်ချက်ချမှတ်သည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း တင်သွင်းရန် တရားပြိုင်ဦးဝင်းမြင့်အား ညွှန်ကြားသည့် ပဏ္ဏာမဒီကရီ ချမှတ်ခဲ့သည်။ ယင်းပဏ္ဏာမဒီကရီအပေါ် ကျေနပ်မှုမရှိသောကြောင့်

ဦးဝင်းမြင့်က ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ ၂၀၁၇ခုနှစ်၊ တရားမအယူခံမှုအမှတ် ၃၁၆ ကိုလည်းကောင်း၊ ဒေါ်စိုးမမမင်းက ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ ၂၀၁၇ခုနှစ် တရားမအယူခံမှုအမှတ် ၃၅၅ကိုလည်းကောင်းတင်သွင်းခဲ့သည်။ အဆိုပါတရားမအယူခံမှု ၂ မှု မှာ မူလတရားမကြီးမှုတစ်မှုတည်းမှပေါ်ပေါက်လာသော အမှုများဖြစ်ပြီး ဆုံးဖြတ်ရမည့် အငြင်းပွားမှုမှာလည်း တူညီသောကြောင့် ဤစီရင်ချက်သည် အဆိုပါတရားမအယူခံမှု ၂ မှု နှင့် သက်ဆိုင်စေရမည်။

အဆိုလွှာတွင်ဒေါ်စိုးမမမင်းကရင်း၏ခင်ပွန်း ဦးအောင်ဆန်းကြည် နှင့် မူလရုံးတရားပြိုင် ဦးဝင်းမြင့်တို့သည်ခင်မင်ရင်းနှီးသူများဖြစ်ကြကြောင်း၊ တရားပြိုင်ဦးဝင်းမြင့်၊ ဦးဝင်းမောင် နှင် ဦးကျော်နိုင်တို့သည်ရှယ်ယာများဖြင့်ပြည်မြို့အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနပိုင်မြေကိုငှားရမ်း၍PYAYSTRAND HOTEL လုပ်ငန်းဆောင်ရွက်ခဲ့ကြောင်း၊ ၂၈-၁-၂၀၁၀နေ့တွင် ဦးကျော်နိုင်၏အစုရှယ်ယာကို ကျပ်သိန်း ၅၅၀ ဖြင့်လည်းကောင်း၊ ၂၆-၃-၂၀၁၀ တွင် ဦးဝင်းမောင်၏အစုရှယ်ယာကို ကျပ်သိန်း၅၅၀ ဖြင့်လည်းကောင်း ဦးအောင်ဆန်းကြည်က ဝယ်ယူသဖြင့် ဦးအောင်ဆန်းကြည် နှင့် ဦးဝင်းမြင့်တို့ပူးတွဲပိုင်ရှင်များဖြစ်လာကြကြောင်း၊တရားပြိုင်သည်ဟိုတယ်မှလစဉ်ရရှိသည့်ဒေါ်လာငွေ၊ယူရိုငွေနှင့် ¥ အပါအဝင်နိုင်ငံခြားငွေများကိုလုပ်ငန်းစတင်သည်မှအမှုစွဲဆိုသည့်အထိ စာရင်းရှင်းလင်းခြင်းမရှိသေးကြောင်း၊ ရုံးခန်းလုံးချင်းအိပ်ဆောင် ၃ခန်း နှင့် ကားဂိုဒေါင်ဆောက်လုပ်ခြင်းတို့ကိုလည်း စာရင်းမရှင်းရသေးကြောင်း ဦးအောင်ဆန်းကြည်ကွယ်လွန်ပြီးနောက် ဇလအထိသာ (နိုင်ငံခြားငွေမပါ) အကျိုးအမြတ်ခွဲဝေခဲ့ကြောင်း၊ HAPPY PALACE အမည်ရ Sd KTV မြေနေရာကို တရားလို၏ခင်ပွန်းဦးအောင်ဆန်းကြည် နှင့် ဦးဝင်းမောင်တို့က ဝယ်ယူအဆောက်အဦဆောက်လုပ်ခြင်း နှင် ပတ်သက်၍လည်း ခွဲဝေပေးခြင်းမရှိကြောင်း အဆိုပြုသည်။

တရားပြိုင်ကချေလွှာတွင် အဆိုလွှာပါ အဆိုပြုချက်များကို ငြင်းဆိုထားပြီး တရားလိုအနေဖြင့်ပူးတွဲရှယ်ယာပိုင်ဆိုင်သူမဟုတ်ကြောင်း၊ တရားလို၏ခင်ပွန်းဦးအောင်ဆန်းကြည် နှင့် တရားပြိုင်တို့သည် PYAY STRAND HOTEL အား ရှယ်ယာပးတွဲလုပ်ကိုင်ရာတွင် တိုက်ရိုက်စာချုပ်စာတမ်းချုပ်ဆိုခဲ့ခြင်းမရှိကြောင်း၊ ပန်းတောင်းမြို့နယ် ရွှေဘုံသာညောင်ပင်သာရှိ ဥယျာဉ်ခြံမြေ ၁၃ ဧကခန် ဝယယူထားရာ အဆိုပါ ဥယျာဉ်ခြံမြေမှာ လက်ရှိတရားလို၏လက်ဝယ်၌ရှိနေပြီး စာရင်းရှင်းလင်းခွဲဝေရန်ကျန်နေကြောင်း၊တရားပြိုင်လက်ဝယ်ရှိပစ္စည်းကိုသာကွက်၍ရှင်းလင်းခွဲဝေပေးစေလိုမှု စွဲဆိုခွင့်မရှိကြောင်း ချေပသည်။

ပဲခူးတိုင်းဒေသကြီးတရားလွှတ်တော်က ငြင်းချက ၅ အား ပဏာမငြင်းချက်အဖြစ်သတ်မှတ်၍ဦးစွာကြားနာကာတရားလိုသည် တရားစွဲဆိုခွင့်ရှိကြောင်း ဖြေဆိုဆုံးဖြတ်ခဲ့သည်။ သက်သေခံချက်များ ရယူပြီးနောက် PYAY STRAND HOTEL က တရားလို နှင့် တရားပြိုင်တို့ ပူးတွဲပိုင်ဆိုင်လုပ်ကိုင်ခဲ့ခြင်းဖြစ်ကြောင်း၊ တရားပြိုင်သည် PYAY STRAND HOTEL လုပ်ငန်းကို စီမံလုပ်ကိုင်ခဲ့သူတစ်ဦးဖြစ်၍ တရားလိုအား စာရင်းရှင်းလင်းပေးရန် တာဝန်ရှိကြောင်း၊ HAPPY PALACE အမည်ရှိ KTV နှင့် ပတ်သက်၍ တရားပြိုင်က တရားလိုအား စာရင်းရှင်းလင်းပေးရန်တာဝန်မရှိကြောင်း၊ PYAY STRAND HOTEL လုပ်ငန်း နှင့် ပတ်သက်၍ တရားပြိုင်က တရားလိုအား စာရင်းရှင်းလင်းရန်တာဝန်ရှိပြီး တရားပြိုင်က တရားလိုသို့ ငွေကျပ်သိန်းပေါင်းနှစ်သောင်းကိုပေးရန် ယခုအဆင့်တွင် ပေါ်ပေါက်ခြင်းမရှသေးကြောင်း ငြင်းချက်များအပေါ် သုံးသပ်ဖြေဆိုပြီးတရားပြိုငဦးဝင်းမြင့်သည် တရားလို ဒေါ်စိုးမမမင်းအား PYAY STRAND HOTEL နှင့်ပတ်သက၍ စာရင်းများကို ရှင်းလင်းတင်ပြရန်တာဝန်ရှိကြောင်း နှင့် ဦးဝင်းမြင့်သည် အဆိုပါစာရင်းများ

ကို စီရင်ချက်ချမှတ်သည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း တင်သွင်းရန် ညွှန်ကြားကြောင်း ပဏာမဒီကရီ ချမှတ်ခဲ့သည်။

ဦးဝင်းမြင့်၏ရှေ့နေကဒေါ်စိုးမမင်းသည် ဦးဝင်းမြင့်၏ လက်ဝယ်ရှိပူးတွဲရှယ်ယာပိုင်ဆိုင်သည့်ပစ္စည်းများ နှင့် ပတ်သက်၍သာ စာရင်းရှင်းလင်းခွဲဝေပေးရန် စွဲဆိုသော်လည်း ၎င်း၏လက်ဝယ်တွင်ရှိနေသည့် ၎င်း၏ခင်ပွန်း ဦးအောင်ဆန်းကြည် နှင့် ဦးဝင်းမြင့် ပူးတွဲပိုင်ဆိုင်ခဲ့ကြသော ပန်းတောင်းမြို့နယ်ရွှေဘုံသာညောင်ပင်သာရှိ ဥယျာဉ်ခြံမြေ ၁၃ ဧကခန့် နှင့် ပတ်သက်ပြီး စာရင်းရှင်းလင်းခွဲဝေပေးရန် ထည့်သွင်းစွဲဆိုခဲ့ခြင်းမရှိကြောင်း ပစ္စည်းအားလုံးကို ထည့်သွင်းမစွဲဆို၍ ပစ္စည်းခွဲဝေပေးစေလိုမှု မစွဲဆိုနိုင်ကြောင်း နှင့် မူလရုံးတရားလို စွဲဆိုသောအမှု အား စရိတ် နှင့် တကွ ပလပ်ပေးပါရန် လျှောက်လဲတင်ပြသည်။

ဒေါ်စိုးမမင်း၏ရှေ့နေက ပူးတွဲရှယ်ယာဖြင့် ဝယ်ယူထားသော ဒေါ်စိုးမမင်း လက်ဝယ်တွင်ရှိပန်းတောင်းမြို့နယ်ရွှေဘုံသာညောင်ပင်သာရှိ ဥယျာဉ်ခြံမြေ ၁၃ ဧကကို စာရင်းရှင်းလင်းခွဲဝေခြင်း မပြုဘဲ ဤအမှုအား စွဲဆိုပိုင်ခွင့်မရှိဆိုသောအချက်သည် မူလရုံးငြင်းချက်တွင် ဖော်ပြထားခြင်းမရှိသလို ငြင်းချက်အသစ်ထုတ်ပေးရန် ဆောင်ရွက်ခဲ့ခြင်းမရှိသဖြင့် အယူခံတွင် တင်ပြခြင်းကို တရားဥပဒေအရ လက်ခံခွင့်ပြုရန်မသင့်ကြောင်း စွဲဆိုသောအမှုသည် စာရင်းရှင်းလင်းပေးစေလိုမှုသာဖြစ်ပြီး ပစ္စည်းခွဲဝေပေးစေလိုမှုမဟုတ်သည်မှာထင်ရှားသဖြင့်အဆိုပါအချက်ကို မူလရုံးတော်က မှန်ကန်စွာဆုံးဖြတ်ထားခြင်းဖြစ်၍ ဆက်လက်အတည်ပြုသင့်ကြောင်း တင်ပြသည်။

မူလရုံးအမှုတွဲကို စိစစ်ရာ ဦးကျော်နိုင်(လိုပြ-၃)၊ ဦးဝင်းမောင်(ပြိုင်ပြ-၅)၊ တရားပြိုင် ဦးဝင်းမြင့်တို့ ၃ဦးသည် ရှယ်ယာများဖြင့် ပြည်မြို့ အမှတ်-၆ ဆံတော်ရပ်၊ ကမ်းနားလမ်းရှိ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနပိုင်မြေကို ငှားရမ်း၍ PYAY STRAND HOTEL လုပ်ငန်းကို လုပ်ကိုင်ခဲ့ကြောင်း ဦးကျော်နိုင် နှင့် ဦးဝင်းမောင် တို့က ၎င်းတို့၏ရှယ်ယာများကို သက်သေခံ-က၊ခ တို့ဖြင့် ဦးအောင်ဆန်းကြည်သို့ လွှဲပြောင်းရောင်းချခဲ့ကြောင်း၊ ဦးဝင်းမြင့် နှင့် ဦးအောင်ဆန်းကြည်တို့သည် ဟိုတယ်လုပ်ငန်းကို ပူးတွဲပိုင်ရှင်များအဖြစ် လုပ်ကိုင်ခဲ့ကြရာ ဦးဝင်းမြင့်က ဦးအောင်ဆန်းကြည်အား ၄ မှ ၄-၁၅ အထိ သက်သေခံစာရွက်စာတမ်းများအရ လစဉ်အမြတ်ငွေပေးခဲ့ကြောင်း နှင့် PYAY STRAND HOTEL လုပ်ငန်းကို ဦးဝင်းမြင့်က ကြီးကြပ်လုပ်ကိုင်ခဲ့ပြီး လစဉ်အမြတ်ငွေများမှာ ဦးအောင်ဆန်းကြည်သို့လည်းကောင်း၊ ဦးအောင်ဆန်းကြည်ကွယ်လွန်ပြီး နောက်ဦးအောင်ဆန်းကြည်ဇနီး တရားလိုသို့လည်းကောင်း အမြတ်ငွေများခွဲဝေပေးခဲ့ကြောင်း ပေါ်ပေါက်သည်။

ကတိတစ်ရပ် နှင့် စပ်လျဉ်း၍ အကြံပြုချက်ကိုဖြစ်စေ၊ လက်ခံခြင်းကိုဖြစ်စေ၊ နှုတ်ဖြင့် ဖော်ပြလျှင် ထိုကတိသည် အတိအလင်းထားရှိသောကတိမည်၏။ အဆိုပါအကြံပြုချက်ကိုဖြစ်စေ၊ လက်ခံခြင်းကိုဖြစ်စေ၊ နှုတ်ဖြင့် ဖော်ပြခြင်းမပြုဘဲ အခြားနည်းဖြင့် ပြုလုပ်လျှင် သဘောသက်ရောက်သည့် ကတိဖြစ်သည်ဟု ပဋိညာဉ်အက်ဥပဒေပုဒ်မ ၉ အရ ကောက်ယူသုံးသပ်ရမည်ဖြစ်သည်။

သဘောသက်ရောက်သည့်ပဋိညာဉ်ကို သဘောတူညီမှု၏ပတ်ဝန်းကျင်အထောက်အထား နှစ်ဦးနှစ်ဖက်၏ ပြုလုပ်ဆောင်ရွက်မှု နှစ်ဦးနှစ်ဖက်သဘောတူညီချက်အရ ဆောင်ရွက်ခဲ့သော ပြုလုပ်မှုတို့အပေါ် အခြေခံ၍ သုံးသပ်နိုင်မည်လည်းဖြစ်သည်။

PYAY STRAND HOTEL လုပ်ငန်းကို တရားလိုတို့ နှင့် ပူးတွဲလုပ်ကိုင်ပြီး ယင်းလုပငန်းကို ကြီးကြပ်လုပ်ကိုင်ခဲ့သူ ယခင်ကလည်း တရားလိုအား အမြတ်ငွေများပေးခဲ့သူ တရားပြိုင်

ဦးဝင်းမြင့်အနေဖြင့်ယင်းလုပ်ငန်းမှရရှိသောအကျိုးအမြတ်များကိုစာရင်းရှင်းလင်းပေးရန်တာဝန်ရှိကြောင်း သုံးသပ်ရပေသည်။

HAPPY PALACE အမည်ရ Sd KTV လုပ်ငန်းကို တရားပြိုင်က စီမံခန့်ခွဲခဲ့ကြောင်း၊ သက်သေခံချက်တစ်စုံတစ်ရာမပေါ်ပေါက်သဖြင့် ယင်းလုပ်ငန်း နှင့် ပတ်သက်၍ တရားပြိုင်က စာရင်း ရှင်းလင်းပေးရန် တာဝန်ရှိသည်ဟု မဆိုနိုင်ပေ။

တရားလိုကတရားပြိုင်အပေါ် ငွေကျပ်သိန်းနှစ်သောင်းကို စာရင်းရှင်းလင်းခဲ့ဝေပေးသည့်နေ့အထိဘဏ်တိုးနှုန်းဖြင့် ဒီကရီချမှတ်ပေးရန်သကသာခွင့်တောင်းဆိုထားခြင်းဖြစ်သည်။ စာရင်းရှင်းလင်းပေးစေလိုမှု စွဲဆိုထားခြင်းဖြစ်သောကြောင့် ပစ္စည်းအားလုံးကို ထည့်သွင်းစွဲဆိုရမည်ဟုလည်း ဥပဒေအရ သုံးသပ်၍မရပေ။ယေဘူယျဥပဒေသဘောမှာ စာရင်းရှင်းလင်းပေးစေလိုမှုတွင် အပြီးသတ်ဒီကရီမချမှတ်မီ စာရင်းကောက်ယူရှင်းလင်းစေသည့် ပဏာမဒီကရီချမှတ်ရန်ဖြစ်သည။

ကိုယ်စားလှယ်လွှဲသူနှင့်ကိုယ်စားလှယ်အချင်းချင်းငွေကြေးကိစ္စရပ်များကို စာရင်းရှင်းလင်းပေးစေလိုမှု နှင့် အထက်တွင်ပြဋ္ဌာန်းခဲ့ခြင်းမရှိသော အခြားတရားမမှုတွင် အမှုသည်တစ်ဦးဦးကပေးရန် သို့မဟုတ် ရရန်ရှိသောငွေပမာဏကို စိစစ်ရန်အလို့ငှာ စာရင်းများကောက်ယူရှင်းလင်းရန် လုအပ်သည့်အခါ တရားရုံးသည် အပြီးသတ်ဒီကရီချမှတ်ခြင်းမပြုမီ ပဏာမဒီကရီချမှတ်ရမည်။ ထိုပဏာမဒီကရီတွင် တရားရုံးက သင့်လျော်သည်ထင်မြင်သည့်အတိုင်း စာရင်းများကောက်ယူရှင်းလင်းစေရန် ညွှန်ကြားရမည်ဟူ၍ တရားမကျင့်ထုံးဥပဒေအမိန့် ၂၀ နည်းဥပဒေ ၁၆ တွင် ပြဋ္ဌာန်းထားသည်။

ငွေစာရင်းရင်းလင်းပေးစေလိုမှုများတွင် ယေဘူယျဥပဒေသ လုပ်ထုံးလုပ်နည်းမှာ အပြီးသတ်ဒီကရီကို မချမှတ်မီ စာရင်းများကောက်ယူရန် ညွှန်ကြားသည့်ပဏာမဒကရီကို ချမှတ်သင့်သည်။ သို့ရာတွင် အကြောင်းခြင်းရာများမှာ အဆင့်ဆင့်ဆုံးဖြတ်ချက် ချမှတ်နိုင်လောက်အောင် လွန်စွာရိုးရှင်းသော အမှုများတင် ပဏာမဒီကရီကို ချမှတ်ခြင်းမပြုဘဲ အပြီးသတ်ဒီကရီကို ချမှတ်နိုင်သည်၊ **S.P.V.E.V . VALAI SAMI V. A .R CHINNAYATRI** [၁]တွင်ကြည့်ပါ။

ငွေပေးငွေယူမှု နှင့် စပ်လျဉ်း၍ စာရင်းရှင်းလင်းရန်စွဲဆိုသည့် တရားမမှု နှင့် အခြားအမှုတစ်စုံတစ်ရာတွင် တစ်ဦးမှတစ်ဦးသို့ငွေကြေးမည်ရွေ့မည်မျှ ပေးဆပ်ရန်ရှိသည်ကို သိသာအောင်ထောက်လှမ်း၍ စာရင်းကောက်ယူသင့်သည်ဟု ထင်မြင်လျှင် ရုံးတော်က အပြီးသတ်ဒီကရီကို မချမပေးမီ သင့်လျော်သည်ဟုထင်မြင်သည့်စာရင်းအင်းများကိုကောက်ယူစေရန်ဆင့်ဆို၍ ပဏာမဒီကရီချမှတ်ပေးခွင့်ရသည်။

သို့ဖြစ်ရာ တရားပြိုင်ဦးဝင်းမြင့်သည် တရားလိုဒေါ်စိုးမမမင်းအား PYAY STRAND HOTEL လုပ်ငန်း နှင့် ပတ်သက်သည့်စာရင်းများကို ရှင်းလင်းတင်ပြရန် တာဝန်ရှိကြောင်း နှင့် တရားပြိုင် ဦးဝင်းမြင့်သည် PYAY STRAND HOTEL လုပ်ငန်း နှင့် ပတ်သက်သည့်စာရင်းများကို စီရင်ချက်ချမှတ်သည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း တင်သင်းရန် ညွှန်ကြားသည့်ပဏာမဒီကရီမှာဥပဒေ နှင့် ညီညွတ်ခြင်းမရှိဟုမဆိုသာပေ။

---

[၁] ၁၉၅၆ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး(တရားလွှတ်တော်)စာ-၁၄၈

ထို့ကြောင့် ပဲခူးတိုင်းဒေသကြီးတရားလွှတ်တော်၏ စီရင်ချက် နှင့် ပဏာမဒီကရီကို အတည်ပြုပြီး ဤအယူခံမှု(၂)မှုကို စရိတ် နှင့် တကွ ပလပ် လိုက်သည်။

ရှေ့နေစရိတ်ကျပ် ၃၀၀၀၀ သတ်မှတ်သည်။

( မြင့်အောင )
တရားသူကြီး